myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

August 20, 2019 Volume 22, Number 13

**၂၀.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၄/ကျပ် |
| CBM Rate | = ၁၅၂၃.၉/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၄၃.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၁.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၂.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၇၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၀၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၄.၃၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၄၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## တရုတ်-မြန်မာနယ်စပ်ကုန်သွယ်မှုများ ရပ်တန့်နေသော်လည်း ကုန်ဈေးနှုန်းများကြီးမြင့်လာဖွယ်မရှိဟုဆို

ယခုရက်ပိုင်းအတွင်းဖြစ်ပွားနေသော တိုက်ပွဲများကြောင့် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းနစ်ခုတွင် ကုန်သွယ်မှုများရပ်တန့်သွားသော်လည်း ပြည်တွင်း၌ ကုန်ဈေးနှုန်းကြီးမြင့်လာဖွယ်မရှိဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကဆိုသည်။ မဖြစ်နိုင်ပါဘူး။ အခုအခြေအနေကြောင့် မူဆယ်နဲ့ ချင်းရွှေဟော်က ကုန်သွယ်မှုရပ်တန့်နေပေမယ့်လည်း ပင်လယ်ရေကြောင်းကုန်သွယ်မှုကရှိနေတယ်။ လူသုံးကုန်တွေကမြဝတီဖက်ကလည်း ဝင်နေတာဖြစ်လို့ ဈေးတက်မှမဟုတ်ပါဘူးဟု လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

ရှမ်းပြည်နယ်အတွင်း၌ မဟာမိတ်ပူးပေါင်းအဖွဲ့သုံးခုမှ ဂုတ်ထိပ်တံတားအပါအဝင် ပြည်ထောင်စုလမ်းမကြီးတလျှောက်နှင့်အနီးတွင် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်နေသဖြင့် တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းမှုများပြုလုပ်နေခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်ပွားရာဒေသများနှင့် ဖျက်စီးခံလိုက်ရသည့် တံတားများကြောင့် ကုန်စည်သယ်ယူပို့ဆောင်သည့် လမ်းကြောင်းများ ရပ်တန့်သွားခဲ့ခြင်းဖြစ်သည်။

ဂုတ်ထိပ်တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဘေလီသံဘောင်တံတားဖြင့် အစားထိုးတည်ဆောက်ပေးနေသော်လည်း ကုန်စည်စီးဆင်းမှုမှာ ယခင်လိုပြန်လည်ကောင်းမွန်လာရန် အချိန်ယူရမည်ဟု ဦးခင်မောင်လွင်က သုံးသပ်ထားသည်။ တရုတ်နိုင်ငံနှင့် တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းသုံးခုဖွင့်လှစ်ထားပြီး လက်ရှိတွင် တစ်ရှူးဌက်ပျောများ အဓိကတင်ပို့နေသည့် ကန်ပိုက်တီကုန်သွယ်ရေးစခန်းသာ ကုန်သွယ်မှုပြုလုပ်နိုင်နေခြင်းဖြစ်သည်။

**Source:** http://www.betvmyanmar.com/my/news/

## ပြည်တွင်းရွှေဈေး မြင့်နေဆဲ

လွန်ခဲ့သည့် လေးရက်က တစ်အောင်စ ကန်ဒေါ်လာ ၁၅၁၉ ဒေါ်လာရှိခဲ့သည့် ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၁၉ ရက် တွင် တစ်အောင်စ ဒေါ်လာ ၁၅၀၀ ထိ ကျဆင်းခဲ့သော်လည်း ပြည်တွင်းဈေးကွက်၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၃၀၀၀၀ ခန့်ရှိခဲ့သည်။ ဩဂုတ် ၁၉ ရက်နံနက်အစောပိုင်း ပြည်တွင်းရွှေဈေးတွင် အခေါက်ရွှေ တစ်ကျပ်သားကျပ် ၁၂၃၁၀၀၀၀ ဖြစ်ခဲ့ပြီး နောက်နေ့ လယ်ပိုင်းတွင် ကျပ်

၃၀၀၀ ခန့် ကျဆင်းခဲ့သည်။ သို့သော် ဩဂုတ် ၁၄ ရက် ကမ္ဘာ့ရွှေဈေးတစ်အောင်စ ဒေါ် လာ ၁,၅၀၀ ရှိချိန်တွင် ပြည်တွင်း အခေါက်ရွှေတစ်ကျပ်သား ကျပ် ၁၂၁၈၀၀၀ ခန့်သာဈေးပေါက်ခဲ့၏။ ကမ္ဘာ့ရွှေတက်လို့ မြန်မာ့ရွှေတက်တယ်။ ကမ္ဘာ့ရွှေကျလို့ မြန်မာရွှေမကျဘူးဆိုတာ ကုန်သည်တွေနဲ့ပဲဆိုင်တယ်။ ဈေးကိုဆွဲမထားတယ်။ ပစ္စည်းရှားတာလည်းပါတယ်။ ထပ်တက်မယ်လို့ မျှော်လင့်လို့ဈေးကိုမချဘူး။ အတက်ကိုမှန်းနေတဲ့အတွက်ကြောင့် ဈေးကမကျဘူးဖြစ်နေတယ်ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက် အတွင်းရေးမှူး (စီမံ) ဦးကြည်စိန်ကပြောသည်။



မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် ညွှန်ကြားချက်အရ ပြည်တွင်းရွှေပေါက်ဈေးကိုဖွင့်ရာတွင် ဈေးကွက်ဖွင့်သည့် ကမ္ဘာ့ရွှေဈေးကို ၁ ဒသမ ၈၇ ဖြင့်စားကာ ရရှိလာသည့် ကိန်းဂဏန်းဖြင့် ဒေါ်လာငွေလဲနှုန်းဖြင့်မြှောက်ရမည်ဖြစ်သည်။ အဆိုပါတွက်ချက်မှု အရ ဩဂုတ် ၁၉ ရက်က ကမ္ဘာ့ရွှေဈေးနှုန်း တစ်အောင်စ ၁၄၉၉ ဒေါ်လာကို ၁ ဒသမ ၈၇ ဖြင့်စားကာ ရရှိလာသည့် ကိန်းဂဏန်းကို ဒေါ်လာငွေလဲနှုန်း ၁၅၂၂ ဖြင့်မြှောက်ပါက ပြည်တွင်းရွှေတစ်ကျပ်သား ကျပ် ၁၂၂၀၀၀၀ ခန့်သာရှိသည်။ ကမ္ဘာ့ရွှေကျရင် ကျွန်တော်တို့လည်းလိုက်ကျနေပါတယ်။ ငွေရှိမှဂယ်၊ ရွှေရှိမှရောင်းဆိုတဲ့အပိုင်းနဲ့သွားနေတယ်ဟု ရွှေဘုံသာလမ်းတွင် ရွှေဆိုင်ဖွင့်ထားသည့် ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးဂင်းမြင့်ကပြောသည်။

ရွှေဈေးမြင့်တင်မရောင်းရန်နှင့် လက်ငင်းပေးချေမှုဖြင့်သာ အရောင်းအဝယ်ပြုလုပ်ရန် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်းချုပ်က ဩဂုတ်ဒုတိယပတ်တွင်ညွှန်ကြားထားသည်။ ညွှန်ကြားချက်များကိုလိုက်နာမှုမရှိလျှင် နောက်တစ်ဆင့် အနေဖြင့် ရည်ညွှန်းစာထုတ်ပြန်ပြီး စီးပွားကူးသန်း၊ ပြည်ထဲရေးနှင့်သတ္တုတွင်းဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့သို့ အမည်စာရင်းပေးပို့ဆောင်ရွက်မည်ဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များအသင်းချုပ် တာဝန်ရှိသူက ပြောကြားထားသည်။

**Source:** http://www.7daydaily.com/story/164113

## ထိုင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Jurin က ဆန်စပါးအာမခံဈေးနှုန်းအား အဆိုပြုတင်ပြခြင်း

ထိုင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Jurin Kaksanawisit က လယ်သမားများ၏ သီးနှံဈေးနှုန်း နိမ့်ကျနေမှုအပေါ်ကူညီရန်အတွက် ဆန်စပါးအမျိုးအစား (၅)ခုအတွက် ဈေးနှုန်းအာမခံချက်ကို အဆိုပြုခဲ့ကြောင်း သိရှိရပါသည်။ Mr.Jurin က အဆိုပြုလွှာအား လယ်သမားများ၏ ကိုယ်စားလှယ်များ၊ ဆန်စပါးကုန်သည်အသင်းများနှင့် အစိုးရ အရာရှိများနှင့် မကြာခင်ကကျင်းပခဲ့သည့် အစည်းအဝေးမှညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ချက်များအပေါ်အခြေခံ၍ အဆိုပြုခဲ့ခြင်း ဖြစ်ကြောင်း၊ ၎င်းဆွေးနွေးချက်များမှ စပါးအစိုဓါတ်နှုန်း(၁၅%)ဖြင့် အများဆုံးပမာဏ (၁၄)တန်မှ တန်(၃၀)အပေါ်စပါးဈေး အာမခံမှု ဆိုင်ရာ အချက်အလက်များကို ချမှတ်ရန်သဘောတူခဲ့ကြောင်း၊ သို့ရာတွင် ဆန်စပါးအာမခံဈေးနှုန်းအစီအစဉ်မှာ သက်တမ်းတိုစပါး(သို့မဟုတ်) စိုက်ပျိုးချိန် ရက်ပေါင်း (၁၀၀)ထက်နည်းသောဆန်စပါးများအတွက် မပါဝင်ကြောင်း သိရှိရ ပါသည်။ အဆိုပါ အာမခံဈေးနှုန်းကြေငြာချက်ကြောင့် ၃.၉ သန်းပမာဏရှိသော လယ်သမားများ အကျိုးခံစားခွင့် ရရှိမည် ဖြစ်ကြောင်း၊ ယခုဆန်စပါးအာမခံဈေးနှုန်းမူဝါဒမှာ အသစ်မဟုတ်ကြောင်း၊ ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း ဒီမိုကရက်ပါတီ ဦးဆောင်သော အစိုးရလက်ထက်တွင် သီးနှံဈေးနှုန်းအာမခံစနစ်နှင့်အာမခံမှုတို့ကို အကောင်အထည်ဖော်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။ ဆန်စပါးဈေးနှုန်းအာမခံအစီအစဉ်တွင် အကယ်၍ဈေးကွက်ထဲရှိ ဈေးနှုန်းသည် သတ်မှတ်ထားသော ဈေးနှုန်းအောက်ရောက်ရှိခဲ့ပါက အလျော်အစားပေးမည့် အစီအစဉ်များပါဝင်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ယခုနှစ် အတွက်စပါးအမျိုးအစား(၅)မျိုးအား အဆိုပါအစီအစဉ်အတွက် ရွေးချယ်ခဲ့ကြောင်းသိရှိရပါသည်။ ၎င်းတို့မှာ Khao Chao ၊ Chao hom Mali (Jasmine rice)၊ Khao hom Changwat ၊ Chao hom Pathum Thani ၊ Chao niao (Stick rice) တို့ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါအစီအစဉ်တွင် လယ်သမားများအနေဖြင့် Khao Chao စပါးအတွက် အာမခံ ဈေးနှုန်းအား တစ်တန်လျှင်ဘတ် (၁၀၀၀၀)ဖြစ်ကြောင်း၊ သို့ရာတွင် အသိအမှတ်ပြုထားသော တန်(၃၀)ထက်ကျော်လွန်ခွင့် မရှိကြောင်းသိရှိရပါသည်။ Chao hom Mali (Jasmine rice) စပါးအတွက် အများဆုံး (၁၄)တန်အထိ (၁)တန်လျှင် ဘတ်(၁၅၀၀၀)ဖြင့် အာမခံဈေးသတ်မှတ်ပေးထားကြောင်း၊ Khao hom Changwat စပါးအတွက် အများဆုံး(၁၆)တန်အထိ (၁)တန်လျှင်ဘတ် (၁၄၀၀၀) ဖြင့် အာမခံဈေးသတ်မှတ်ပေးထားကြောင်း၊ Chao hom Pathum Thani စပါးအတွက် အများဆုံး(၂၅)တန်အထိ (၁)တန်လျှင် ဘတ် (၁၁၀၀၀) ဖြင့် အာမခံဈေးသတ်မှတ်ပေးထားကြောင်း၊ Chao niao (Stick rice) စပါးအတွက်အများဆုံး (၁၆)တန်အထိ (၁)တန်လျှင် ဘတ်(၁၂၀၀၀)ဖြင့် အာမခံဈေးသတ်မှတ်ပေးထားကြောင်း သိရှိရပါသည်။

အဆိုပါစပါး အာမခံဈေးနှုန်းကို အမျိုးသားဆန်စပါးမူဝါဒကော်မတီမှ အတည်ပြုပေးလိမ့်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ပြီး နောက်ဆုံးအတည်ပြုအမိန့်ရရှိစေရန် အစိုးရအဖွဲ့သို့ ကြေငြာချက်မထုတ်ပြန်မီ အတည်ပြုမိန့်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားသော ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချရေးနှင့် အပိုကုန်ကျစရိတ်များလျှော့ချရေး အစီအမံများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ Pathum Thani မှ လယ်သမား တစ်ဦးဖြစ်သော Sonpit Aimthong က အဆိုပါစပါးဈေးနှုန်း အာမခံအစီအစဉ်အားကြိုဆိုကြောင်း၊ ၎င်းတို့အနေဖြင့် အစိုခါတ်နှုန်း (၂၅%)ဖြင့် စပါးတစ်တန်လျှင် ဘတ်ငွေ ( ၆၅၀၀ မှ ၇၀၀၀ )အထိသာရရှိခဲ့ကြောင်း၊ အကယ်၍ အစိုးရအနေဖြင့် စပါးတစ်တန်လျှင် အာမခံဈေးနှုန်းဘတ်(၁၀၀၀၀) သတ်မှတ်မည်ဆိုပါက လယ်သမားများအနေဖြင့် ဆက်လက်အသက်ရှင် ရပ်တည်နိုင်လိမ့်မည်ဖြစ်ကြောင်း သူမကပြောကြားခဲ့ပါသည်။ လယ်ယာစိုက်ပျိုးရေးကုန်ကျစရိတ်များ မြင့်တက်နေမှုနှင့် စပါးများမှာ အင်းဆက်ပိုးမွှားများ၏ ဒုက္ခပေးမှုတို့ကြောင့် အစိုးရ၏အကူအညီအထောက်အပံ့များလိုအပ်လျှက်ရှိကြောင်း၊ Pathum Thani မှ အခြားလယ်သမားတစ်ဦးဖြစ်သည့် Somnek Tang–on ကလည်းပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-ဘန်ကောက်**

## ပြည်တွင်းဈေးကွက်အတွင်း ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်



တိုက်ပွဲများကြောင့် မြန်မာ-တရုတ်နစ်နိုင်ငံကုန်သွယ်ရေး ရပ်တန့်ပြီးနောက် ရက်ပိုင်းအတွင်း ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးအနည်းငယ် ပြန်မြင့်တက်လာသည်။ တိုက်ပွဲများစတင်သည့် ဩဂုတ် ၁၅ ရက်တွင် ပြည်တွင်းငွေကြေးဈေးကွက်၌ တစ်ဒေါ်လာ ၁၅၁၀ ကျပ် ဈေးဖွင့်သော်လည်း ဩဂုတ် ၁၉ ရက်တွင် တစ်ဒေါ်လာ ၁၅၂၃ ကျပ်သို့ မြင့်တက်လာပြီး တစ်ပတ်အတွင်း ၁ ရာခိုင်နှုန်းခန့် မြင့်တက်ခြင်းဖြစ်သည်။

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းလျှော့ချမှုကြောင့် နိုင်ငံတကာ ငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းပြီး ကမ္ဘာ့ဈေးမြင့်တက်နေခိုက် ပြည်တွင်းအခြေအနေက ပြောင်းပြန်ဖြစ်နေကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ ရှမ်းမြောက်တိုက်ပွဲများကြောင့် တစ်ရက်ပို့ကုန်ဒေါ်လာ ၁၅ သန်းခန့် တန်ဖိုးရှိသော မြန်မာ-တရုတ်နစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး ငါးရက်ခန့်ရပ်တန့်နေချိန်တွင် ပြည်တွင်းငွေကြေးဈေးကွက်သို့ ဒေါ်လာအဝင်နည်းသဖြင့် တန်ဖိုးအနည်းငယ်တက်လာသည်ဟု ၎င်းတို့ကပြောသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် ယွမ်ငွေဖြင့်ရောင်းချသော်လည်း ရရှိသောငွေများကို ဒေါ်လာဖြင့်ပြန်လည်လဲလှယ်ကာ ဟောင်ကောင်နှင့်စင်ကာပူနိုင်ငံရှိ ဘဏ်များမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည်လွှဲပို့ရခြင်းကြောင့် တရုတ်နှင့်ကုန်သွယ်ရေး၌ ဒေါ်လာကအရေးပါနေကြောင်း ၎င်းတို့ကရှင်းပြသည်။ နယ်စပ်က ပို့ကုန်ရပ်သွားလို့ ဒေါ်လာစီးဝင်မှုနည်းတယ်နေတယ်လေဟု မြန်မာနိုင်ငံမော်တော်ယာဉ်တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချသူများအသင်း ဥက္ကဌ ဒေါက်တာစိုးထွန်းကပြောသည်။ နိုင်ငံတကာငွေကြေးဈေးကွက်တွင်မူ ရွှေဈေးမြင့်တက်ပါက ဒေါ်လာတန်ဖိုးကျဆင်းလေ့ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။ ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးက အမြင့်ပိုင်း၌ အတက်၊ အကျ အနည်းငယ်သာဖြစ်နေပြီး ရွှေတစ်အောင်စလျှင် ဒေါ်လာ ၁၅၁၀ အထက်တွင် နှုန်းထားအနည်းငယ်သာအပြောင်းအလဲရှိသည်။

**Source:** http://www.7daydaily.com/story/164112

## မတ်ပဲနှင့် ပဲစင်းငုံ တစ်တန်လျှင် ကျပ် (၅) သောင်းနီးပါး ဈေးကျဆင်း



ယခုလအတွင်း အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေရသည့် မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် (၅)သောင်း နီးပါးအထိ ဈေးကျဆင်းသွားခဲ့ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှသိရသည်။ ပြီးခဲ့သည့် ဇူလိုင်လအတွင်း မတ်ပဲတစ်တန်လျှင် ကျပ် (၈)သိန်း (၃)သောင်းအထိ ဈေးရှိခဲ့ရာမှ ယခုအခါ တစ်တန် ကျပ် (၇) သိန်း (၇)သောင်းအထိ ကျဆင်းသွားခဲ့ပြီး ပဲစင်းငုံတစ်တန် ကျပ် (၉)သိန်း (၈)သောင်းမှ ယခုအခါ (၉)သိန်း (၃)သောင်းအထိ ဈေးကျ

သွားကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း အတွင်း ရေးမှူး ဦးမင်းကိုဦးက ဩဂုတ်လ (၁၇) ရက်က BETV သို့ပြောသည်။ မတ်ပဲနဲ့ ပဲစင်းငုံ (၂)မျိုးစလုံးကတော့ ဒီရက်ပိုင်းတွေမှာဆိုရင် အထိုက်အလျောက်ကို ဈေးကျဆင်းသွားခဲ့တာပါဟု ဦးမင်းကိုဦးကပြောသည်။

ယခုနှစ် အိန္ဒိယအစိုးရ၏ ထုတ်ပြန်ချက်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပဲစင်းငုံ၊ ပဲတီးစိမ်းနှင့် မတ်ပဲတို့ပါဝင်သည့် ပဲမျိုးစုံတန်ချိန် (၅)သိန်း တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး မြန်မာနိုင်ငံက မတ်ပဲတန်ချိန် (၁)သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် (၄)သိန်းအထိ တင်သွင်းခွင့်ရရှိထားကြောင်းသိရသည်။ ယင်းအတွက် အိန္ဒိယနိုင်ငံမှ ကုမ္ပဏီပေါင်း (၁၄၀၀)ကျော်က တင်သွင်းခွင့်လိုင်စင်ရရှိထားပြီး ယင်းကုမ္ပဏီများထဲမှ ကုမ္ပဏီတစ်ခုလျှင် ပဲတန်ချိန် တန် (၁၅၀)မှ တန် (၃၀၀)ကြားကိုသာ ဝယ်ယူခွင့်ရရှိထားသဖြင့် အထိုက်အလျောက်ဝယ်မှု အချို့သာ ရှိနေခြင်းကြောင့် ပြည်တွင်းရောင်းလိုအားများပြီး အိန္ဒိယဘက်မှ ဝယ်လိုအားနည်းလာကြောင်း ဦးမင်းကိုဦးကရှင်းပြသည်။ အဲဒီမှာ ဈေးနှုန်းက တစ်ဖက်နဲ့တစ်ဖက် မမျှတဲ့အခါကျတော့ ဈေးပြန်ကျလာတာမျိုးတွေဖြစ်လာတယ်။ အိန္ဒိယဘက်က ဈေးကွက်စီးပွားရေးစနစ်မဟုတ်တဲ့ ကိုတာ (Quota) စနစ်နဲ့ဆိုတဲ့အခါကျတော့ မှန်တာပြောရင် စိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံအတွက်တော့ အများကြီးနစ်နာပါတယ်ဟု ဦးမင်းကိုဦးကဆိုသည်။

ပြည်တွင်းမှ ပဲတင်းသွင်းခွင့်လိုင်စင်ရရှိထားသည့် ကုမ္ပဏီများဘက်မှ သတ်မှတ်ထားသည့် တန်ချိန်ပမာဏကို အောက်တိုဘာလ (၃၁) ရက် နောက်ဆုံးထားကာ တင်ပို့ရောင်းချရမည့် စည်းကမ်းချက်ပါ ပူးတွဲထုတ်ပြန်လိုက်သဖြင့် လက်ကျန် (၂)လကျော် ကာလအတွင်း အပြီးသတ်ဝယ်ယူတင်သွင်းရမည်ဖြစ်ကြောင်းသိရသည်။ ဦးမင်းကိုဦးက လက်ရှိအိန္ဒိယဘက်က ဝယ်ယူမှုပုံစံကိုကြည့်ရမှာပေါ့။ အိန္ဒိယဘက်က ရာသီဥတုဖောက်ပြန်ပြီးတော့ ကိုတာ (Quota) တိုးပေးတာမျိုးတွေရှိလာခဲ့ရင်တော့ ပုံစံပြောင်းသွားမှာပေါ့နော်။ အဲလိုမဟုတ်ဘူး။ လက်ရှိသူတို့ဝယ်ယူနေတဲ့ ပုံစံနဲ့ဆိုရင်တော့လည်း ဈေးကတက်ဖို့ခက်တယ်ဟုပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချနေသည့် ပဲအမျိုးအစားများဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယနိုင်ငံက အဓိကဝယ်ယူနေပြီး ပဲတီစိမ်းကို တရုတ်နှင့်ဥရောပနိုင်ငံအချို့က ဝယ်ယူလျက်ရှိကြောင်းသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာ ၁ ရက်မှ မေလ ၃ ရက်အထိ (၇)လကျော်အတွင်း ပြည်ပသို့ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၆၀၉ ဒသမ ၀၅၅) သန်းရရှိထားကြောင်းသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## ယခုဘဏ္ဍာနှစ်အတွင်း ကန်ဒေါ်လာ (၅၉၇) သန်းကျော် တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် (၁ ဒသမ ၉) ကျော်အား ပြည်ပသို့တင်ပို့ထား




လက်ရှိဘဏ္ဍာနှစ် ဩဂုတ်လ ၂ ရက်အထိ အမေရိကန်ဒေါ်လာ (၅၉၇ ဒသမ ၆၃၉) သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် (၁၉၇၈၈၃၃ ဒသမ ၇၄၂) မက်ထရစ်တန်အား ပြည်ပသို့ တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါး၏အသင်းချုပ်မှ သိရသည်။ ယင်းတင်ပို့မှုတွင် ဆန်တန်ချိန် (၁၅၇၈၁၄၄ ဒသမ ၁၃၂)တန်အား နိုင်ငံပေါင်း (၆၁)နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ပြီး တန်ဖိုးမှာ အမေရိကန် ဒေါ်လာ (၄၉၀ ဒသမ ၄၉၃) သန်းဖြစ်သည်။

အလားတူ အမေရိကန်ဒေါ်လာ (၁၀၇ ဒသမ ၁၄၇) သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် (၄၀၀၆၈၉ ဒသမ ၆၁၀) မက်ထရစ်တန်အား နိုင်ငံပေါင်း (၃၆) နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။ အဆိုပါဆန်နှင့် ဆန်ကွဲတင်ပို့မှု၏ (၇၀ ဒသမ ၁၁) ရာခိုင်နှုန်းဖြစ်သည့် မက်ထရစ်တန် (၁၃၈၇၃၁၂ ဒသမ ၇၈၂)တန်အား ပင်လယ်ရေကြောင်းမှ တင်ပို့ခဲ့ခြင်းဖြစ်ပြီး ကျန် (၂၉ ဒသမ ၈၉) ရာခိုင်နှုန်း ဖြစ်သည်။ ဆန်နှင့်ဆန်ကွဲ (၅၉၁၅၂၀ ဒသမ ၉၆) မက်ထရစ်တန်အား နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ ပြည်တွင်းမှ ဆန်နှင့်ဆန်ကွဲကို တရုတ်ပြည်သူ့သမ္မတ၊ ၊ ဥရောသမဂ္ဂ၊ အာဖရိကဈေးကွက်များသို့ အဓိကတင်ပို့လျက်ရှိသည်။ ယင်းတင်ပို့မှုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် Border Trade နိုင်ငံများသို့ အများဆုံးဖြစ်ပြီး စုစုပေါင်းတင်ပို့မှု၏ (၃၃) ရာခိုင်နှုန်းကျော်

ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## တစ်သျှူးငှက်ပျော တရားဝင်တင်ပို့ခွင့်ရရှိရန် တရုတ်စစ်ဆေးရေးအဖွဲ့ လာရောက်စစ်ဆေးမည်

တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော တရားဝင်တင်ပို့ခွင့်ရရှိနိုင်ရန်အတွက် တရုတ်နိုင်ငံမှ ပညာရှင်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ဩဂုတ်လကုန်ပိုင်းတွင် လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း ဩဂုတ် ၁၆ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောဆိုသည်။ တင်ပို့ခွင့်ရဖို့ တင်ပြထားတဲ့ သစ်သီးငါးမျိုးနဲ့ပတ်သက်ပြီး တရုတ်ဘက်က ပိုးမွှားနဲ့ပတ်သက်တဲ့ မေးခွန်းတွေဖြေပေးပါဆိုပြီး ပေးပို့လာတယ်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီးတော့လည်း ပြန်ဖြေပြီးပို့ပြီးသွားပြီ။ ဒီအထဲကမှ တစ်သျှူးငှက်ပျောနဲ့ပတ်သက်လို့ ဦးစားပေးပြီး ပညာရှင်တွေ လာစစ်ဆေးမယ်။ ဩဂုတ်လကုန်ဆိုရင် လာမယ်ဆိုပြီး အကြောင်းပြန်ထားတယ်ဟု ဦးခင်မောင်လွင်က ပြောဆိုသည်။ တစ်သျှူးငှက်ပျော တရားဝင်တင်ပို့ခွင့်ရရှိပြီးပါက ကျန်သီးနှံလေးမျိုးကို ဆက်လက်တင်ပို့ခွင့်ရရှိရန် ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါသစ်သီးငါးမျိုးကို တရားဝင်တင်ပို့ခွင့်ရရှိရန်အတွက် သံတမန်နည်းလမ်းအရ နိုင်ငံခြားရေးဝန်ကြီး ဌာနချင်း ညှိနှိုင်းဆောင်ရွက်သည့်အပြင် ပေကျင်းရှိစီးပွားရေးသံမှူးမှတစ်ဆင့်လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

မြန်မာနိုင်ငံမှသစ်သီးဝလံငါးမျိုးဖြစ်သည့် နာနတ်သီး၊ ထောပတ်သီး၊ သံပရာသီး၊ ကျွဲကောသီးနှင့် တစ်သျှူးငှက်ပျောတို့ကို တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့ခွင့်ရရှိရန်အတွက် တရုတ်အစိုးရထံ တင်ပြထားခြင်းဖြစ်ပြီး ယင်းသစ်သီးငါးမျိုးထဲမှ တစ်သျှူးငှက်ပျောကို တင်သွင်းခွင့်ပေးရန် လာရောက်စစ်ဆေးမည်ဖြစ်သည်။ လက်ရှိတွင် တစ်သျှူးငှက်ပျောများကို တရုတ်နိုင်ငံဘက်သို့ နယ်စပ်ဒေသမှတစ်ဆင့် တရားမဝင်တင်ပို့နေရသည်။

**Source:** https://myanmar.mmtimes.com/news/127204.html

## မြန်မာ့သကြားဈေး ၁၀ နှစ်အတွင်း အနိမ့်ဆုံးဈေးသို့ ရောက်ရှိ

မြန်မာ့သကြားဈေး ၁၀ နှစ်အတွင်း အနိမ့်ဆုံးဈေးသို့ရောက်ရှိလာကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းထံမှသိရသည်။ အဆိုပါအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးဂင်းဌေးက သကြားတစ်ပိဿာကို ကျပ်၉၀၀ ပဲရှိတယ်။ ဒါဟာ ဆယ်စုနှစ်အတွင်းမှာ ဈေးနှုန်းထိုးကျဆင်းလာတာဖြစ်တယ်။ အခု ကမ္ဘာ့သကြားဈေးကွက်မှာလည်း သကြားဈေးတွေကျဆင်းနေပါတယ်။ ဆက်တိုက်လိုက်ပါ မကျဆင်းအောင် ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ပြည်တွင်း ထုတ်ကို အားပေးဖို့လိုအပ်တယ်ဟုပြောသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဂယ်ရေးဂန်ကြီးဌာနက ပြည်တွင်းထုတ် အချိုရည်နှင့်ကော်ဖီမစ်အထုပ်များအတွက်အသုံးပြုရန် လုပ်ငန်းသုံးသကြားများ တင်သွင်းခွင့်ပြုထားခြင်းအပြင် အခြား ခေါင်းစဉ်များဖြင့် တင်သွင်းခွင့်ပြုထားခြင်းကို ယာယီပိတ်ထားပေးရန်လိုအပ်ကြောင်း ပြည်တွင်းသကြားလုပ်ငန်းရှင်များက ပြောသည်။

ယခင်နှစ်ကာလတူက သကြား တစ်ပိဿာလျှင် အနိမ့်ဆုံးဈေး ကျပ် ၁၀၁၀ မှ အမြင့်ဆုံးဈေး ကျပ် ၁၆၀၀ အထိရှိပြီး ယခုနှစ်ကာလတူတွင် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ အောက်သာရှိနေသည်။ လက်ရှိ ကမ္ဘာ့သကြားဈေးကွက်တွင် ယခင်က သကြားဖြူတစ်တန်လျှင်ကန်၃၂၉ ဒေါ်လာရှိပြီး ယခုအခါတွင် ကန်ဒေါ်လာ ၃၁၀ ဂန်းကျင်ဖြင့် ဈေးကျဆင်းနေခြင်းကြောင့် သကြားဈေးနှုန်း ၅ ဒသမ ၆၉ ရာခိုင်နှုန်းအထိ ကျဆင်းနေကြောင်းသိရသည်။ မြန်မာ-တရုတ်နယ်စပ် မူဆယ်၌ ဩဂုတ်လ ပထမပတ်က သကြားတစ်တန်လျှင် ကန် ၆၃၇ ဒေါ်လာရှိပြီး၊ တရုတ်ပြည်မတွင် တစ်တန်လျှင် ကန် ၇၅၄ ဒေါ်လာ ရှိခြင်းကြောင့် တစ်တန်လျှင် ကန် ၁၁၇ ဒေါ်လာခန့် ဈေးကွာဟကြောင်း၊ မြဂတီနယ်စပ်တွင် သကြားတစ်တန်လျှင် ကန် ၅၀၂ ဒေါ်လာ ရှိပြီး ထိုင်းနိုင်ငံဘက်ခြမ်း မဲဆောက်တွင်တစ်တန်လျှင် ကန် ၅၂၈ ဒေါ်လာ ပေါက်ဈေးရှိခြင်းကြောင့် တစ်တန်လျှင်

ကန် ၂၈ ဒေါ်လာခန့် ကွာဟလျက်ရှိကြောင်းသိရသည်။

ပြည်တွင်း၌ သကြားထုတ်လုပ်မှု စာရင်းများအရ ၂၀၁၅-၁၆ ခုနှစ် ကြံရာသီက သကြားတန်ချိန် ၃၇၀၀၀၀ ခန့် ထုတ်လုပ်ရာမှ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ကြံရာသီတွင် သကြားတန်ချိန် ၅၀၀၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်လာကြောင်း၊ သို့သော် တရုတ်နိုင်ငံက ယခုနှစ်စက ဝယ်ယူမှုရပ်ဆိုင်းထားခြင်းကြောင့် ပြည်တွင်း၌ သကြားများစုပြုံလာကြောင်း၊ ထို့ကြောင့် ဈေးကွက်သက်ရောက်မှုက ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင်ထွက်ရှိမည့် ကြံသီးနှံအတွက် ဈေးကွက် အာမမခံနိုင်ခြင်းကြောင့် ကြံနှင့်သကြားထုတ်လုပ်သည့်လုပ်ငန်းများကို ဆိုးရွားသောဈေးကွက်သက်ရောက်မှုများရှိလာနိုင်ကြောင်း လုပ်ငန်းရှင်များက သုံးသပ်ထားသည်။ ထို့ပြင် မြဝတီဘက်က တရားမဝင် ဝင်ရောက်လာသည့် သကြားများကို ထိရောက်စွာ မတားဆီးနိုင်ပါက ပြည်တွင်းသကြားဈေးကွက်ကို ပို၍ဆိုးရွားလာနိုင်ကြောင်းသိရသည်။ ယခုနှစ် ကြံရာသီချိန်တွင် သကြားဈေးနှုန်းမှာ သကြားစတင်ပေါ်ချိန်မှစ၍ ဆက်တိုက်ကျဆင်းလာခြင်း၊ သကြားတစ်ပိဿာလျှင် ကျပ် ၁၀၀၀ အောက်ကျဆင်းနေခြင်း၊ သကြားကြိုတင်ဝယ်ယူမည့်သူမရှိခြင်း၊ သကြားစက်ရုံများက ကန်ထရိုက်စာချုပ် ချုပ်ဆိုထားသည့် တောင်သူများကိုသာ ဦးစားပေးဝယ်ယူသည့်အတွက် အခြားတောင်သူများ အခက်အခဲကြုံတွေ့နေရခြင်း၊ တရုတ်သို့ အထွက်မရှိသည့်အတွက်ကြံဖိုးငွေ အပြည့်အဝမပေးချေနိုင်သည့် အခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသည်။

အဆိုပါ အသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက အဓိကတော့ အိမ်နီးချင်းနိုင်ငံတချို့နဲ့ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုနဲ့ ရောင်းချနိုင်အောင် ညှိနှိုင်းရမယ်။ ဒါ့ပြင် လာမယ့်ကြံရာသီအချိန်မှာ တောင်သူတွေအနေနဲ့ စုပြုံရိတ်သိမ်းတာ မလုပ်သင့်ဘူး။ စက်ရုံတွေမှာက နေ့စဉ်ကြိတ်ခွဲမယ့်တန်ချိန် သတ်မှတ်ပြီးမှဝယ်ယူတယ်။ တောင်သူတွေအနေနဲ့ ကိုယ်ရောင်းချမယ့် စက်ရုံကိုသွားပြီး ကြိုတင်မေးမြန်းပြီးမှ ဘယ်နေ့အတွင်း ရိတ်သိမ်းရမလဲဆိုတာ သိဖို့လိုအပ်တယ်။ အဲဒီလိုမဟုတ်ရင် ခုတ်ယူထားတဲ့ ကြံတွေဟာ စက်ရုံကိုမသွင်းရသေးရင် ရက်ကြာရှည်လာရင် ကြံအရည်အသွေးပျက်စီးလာပြီးတော့ တန်ချိန်တွေ လျော့နည်းနိုင်တော့ ဆုံးရှုံးမှုတွေပိုများလာနိုင်တယ်ဟုပြောသည်။ စက်ရုံပိုင်ရှင်များအနေဖြင့် ထိုသို့မဖြစ်ပေါ်စေရန် စက်ရုံနှင့် ကြံသီးနှံတို့၏ သဘာဝကိုရှင်းလင်းပြောကြားခြင်း၊ ကိုတာခွဲတမ်းအလိုက် ဝယ်ယူမည့် သတ်မှတ်ချက်ကို အသိပေးရန်လိုအပ်ကြောင်းသိရသည်။

ထို့ပြင် ပြည်တွင်း၌ ပိုလျှံနေသည့် ကြံနှင့်သကြားများကို တန်ဖိုးမြှင့်ပစ္စည်းထုတ်လုပ်၍ ဈေးကွက်သို့ရောင်းချနိုင်ရန် အစိုးရကနည်းပညာနှင့် အရင်းအနှီးပံ့ပိုးပေးရန်လိုအပ်သည်။ ၂၀၁၉-၂၀ ဘဏ္ဍာနှစ် ကြံရာသီကို ဒီဇင်ဘာလမှ ဧပြီလ ကာလအတွင်း ငါးလတာသတ်မှတ်ထားကြောင်းသိရသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ကြံရာသီတွင် စိုက်ဧကပေါင်း ၄၄၀၀၀၀ ကျော်ရှိခဲ့သည်။ လက်ရှိ ပြည်တွင်း၌ သကြားထုတ်လုပ်သည့် စက်ရုံပေါင်း ၁၈ ရုံရှိကြောင်း သိရသည်။ လက်ရှိ ပြည်တွင်း၌ သကြားတန်ချိန် ခြောက်သိန်းခန့်ရှိနေကြောင်း၊ အဆိုပါသကြားများသည် ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ကြံရာသီအချိန်အတွင်း ထုတ်လုပ်ထားသည့် တန်ချိန်ငါးသိန်းခန့်၊ ပြန်လည်တင်ပို့ကုန်စနစ်ဖြင့် ကျန်ရှိသည့် သကြားများအပြင် မြဝတီဘက်က မှောင်ခိုဝင်လာသည့် သကြားများဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံ ကြံနှင့်သကြားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို စက်တင်ဘာလ အတွင်း နေပြည်တော်၌ ပြုလုပ်သွားရန်ရှိသည်။

မြန်မာတောင်သူကြီးများ ဂျာနယ်

**Source:** www.thefarmermedia.com

## ထိုင်းအစိုးရ ဒေါ်လာ ၁၂ ဘီလျံသုံးပြီး စီးပွားရေး ၃ ရာခိုင်နှုန်းမြင့်တက်အောင် တွန်းတင်မည်

၂၀၁၉ ဒုတိယနှစ်ဝက်တွင် နိုင်ငံ့စီးပွား ၃ ရာခိုင်နှုန်းမြင့်တက်လာစေရန် ဘတ် ၃၇၀ ဘီလျံ (ဒေါ်လာ ၁၂ ဘီလျံ) သုံးကာ တွန်းတင်ရန် ထိုင်းအစိုးရကစီစဉ်ထားသည်။ ဘတ် ၃၇၀ ဘီလျံကို အမျိုးအစားနှစ်မျိုးခွဲကာ အသုံးပြုသွားမည်ဖြစ်ကြောင်း အစိုးရဝန်ကြီးများ အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီး အာတာမာဆာဗာနာယာနာကပြောသည်။ ပထမ ဘတ် ၁၀၀ ဘီလျံကို အစိုးရတိုက်ရိုက်လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပြီး ဒုတိယ ဘတ် ၂၇၀ ဘီလျံကို နိုင်ငံပိုင်ဘဏ်များမှ ချေးငွေအနေဖြင့် ချထားပေးသွားမည်ဖြစ်သည်။

ပြည်တွင်းသုံးစွဲမှုမြှင့်တင်နိုင်ရန်အတွက်လည်း ဩဂုတ်နှင့်စက်တင်ဘာတို့တွင် လူမှုဖူလုံရေးကတ်ကိုင်ဆောင်သူများကို လူမှုဖူလုံရေးစရိတ်များ ထပ်တိုးထုတ်ပေးသွားမည်ဖြစ်သည်။ လူမှုဖူလုံရေးအစီအစဉ်အတွက် ဘတ် ၂၀ ဘီလျံကို ဖယ်ထားမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတွင်လည်း လယ်သမားများကို အတိုးနည်းချေးငွေများ ထုတ်ပေးသွားမည်ဖြစ်သည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung

## သိုးနှင့်ဆိတ်မွေးမြူခြင်းဖြင့် အညာဒေသတောင်သူများ ဝင်ငွေကောင်းရနေ

အညာဒေသနတ်မောက်နှင့် ရေနံချောင်းမြို့နယ်တို့ရှိ တောင်သူများသည် မိမိတို့ပုံမှန်လုပ်ကိုင်သည့်စိုက်ပျိုးရေးအပြင် သိုးနှင့်ဆိတ်မွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်လျက်ရှိရာ ဝင်ငွေကောင်းရရှိနေကြောင်းသိရသည်။ မွေးမြူတိုးပွား တစ်နှစ်ထက်တစ်နှစ် မိုးရွာသွန်းမှုက နည်းပါးလာတယ်။ တောင်သူအလုပ်တစ်ခုတည်းနဲ့မဖြစ်တော့ဘူး။ ဒါကြောင့် သိုး ၁၀ ကောင်၊ ဆိတ် ၁၀ ကောင်မွေးမြူခဲ့ရာကနေ လက်ရှိမှာ သိုးကောင်ရေ ၁၅ ကောင်၊ ဆိတ်ကောင်ရေ ၃၀ အထိတိုးပွားလာလို့ ရောင်းချလိုက်တဲ့အခါ ဝင်ငွေကောင်းရတယ်ဟု နတ်မောက်မြို့နယ်မှ ဒေသခံကိုလှဝင်းက ပြောဆိုသည်။

ကုန်ကျစရိတ်သက်သာမွေးမြူရေးလုပ်ငန်းများ၌ သိုးနှင့်ဆိတ်မွေးမြူရာတွင် သီးခြားအစားအစာကျွေးရန် မလိုအပ်ဘဲ ယာမြေ၊ လယ်မြေကန်သင်းရိုးနှင့် စည်းရိုးများတွင် ပေါက်ရောက်သော ဆီးရွက်၊ အဝေရာပင်၊ ထနောင်း ရွက်နှင့်မြက်များကို ကျွေးရုံဖြင့် ကုန်ကျစရိတ်သက်သာသည်။ လက်ရှိ၌ သိုးတစ်ကောင်ကိုအကောင်အနေအထားပေါ် မူတည်ပြီး ကျပ် ၈၀၀၀၀ မှ ကျပ် ၁၂၀၀၀၀၊ ဆိတ်တစ်ကောင် ကျပ် ၁၅၀၀၀၀ မှ ကျပ် ၁၈၀၀၀၀ အထိပေါက်စျေးရှိသည့်အပြင် ပြည်ပသို့ပါအရောင်း အဝယ်ရှိကြောင်းသိရသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung

## တောင်သူများဦးစီးသည့် ဂျုံစက်ရုံ နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်မည်

တောင်သူများဦးစီးသည့် ကျောက်မီးသွေးအသုံးမပြုသော ဂျုံစက်ရုံကို လာမည့်နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူကပြောသည်။

တောင်သူတွေကိုယ်တိုင်စုဖွင့်တဲ့ ဂျုံစက်ရုံက နိုဝင်ဘာလလောက်ထဲမှာဖွင့်နိုင်မယ်။ ဒါက မြန်မာပြည်မှာ ကျောက်မီးသွေးမသုံးတဲ့ တစ်ခုတည်းသောစက်ရုံဖြစ်လာမယ်။ ကျန်တဲ့စက်ရုံတွေက ကျောက်မီးသွေးသုံးကြတယ်။ လတ်တလောတော့ ကျောက်မီးသွေးကြောင့် ပြဿနာမရှိသေးပေမယ့် နောက်တစ်ချိန်မှာတော့ ကျောက်မီးသွေးကြောင့် ပြဿနာဖြစ်လာနိုင်တယ်။ လောလောဆယ်အထိတော့ ကျောက်မီးသွေးနဲ့လည်နေကြတယ်ဟု ဦးကျော်သူကပြောသည်။ ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ထုတ်ပြန်ချက်အရ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ဂျုံ စိုက်ပျိုးဧကပေါင်း ၈၈၄၈ ဧကခန့် ရှိပြီး၊ ယင်းဧကများထဲတွင် ချင်းပြည်နယ်၊ မင်းတပ်ခရိုင်တွင် ၇၁၀၇ ဧက၊ ကန်ပက်လက်မြို့နယ်တွင် ၇၃၀ ဧက၊ ဟားခါးမြို့နယ်တွင် ၆၈၈ ဧက၊ ဖလမ်းမြို့နယ်တွင် ၁၈၁ ဧက၊ တီးတိန်မြို့နယ်တွင် ၇၁၁ ဧကရှိကာ ချင်းပြည်နယ်မှ နှစ်စဉ် ဂျုံအစို တန်ချိန်ပိဿာချိန်သိန်းနှင့်ချီ၍ ထွက်ရှိကြောင်းသိရသည်။

ဂျုံ စိုက်ပျိုးဧကက တော်တော်များနေတဲ့အတွက် သိပ်မလိုတော့ဘူး။ အဓိက ကျွန်တော်တို့အနေနဲ့လုပ်ရမှာက စားသောက်ကုန်ပစ္စည်းတွေ ထုတ်ဖို့ပဲ။ ဘာလို့လဲဆိုတော့ ကုန်ကြမ်းအနေနဲ့က တရုတ်ကဝယ်နေသေးပေမယ့် ဘယ်အချိန် မဝယ်တော့မလဲဆိုတာ မသိနိုင်ဘူး။ ဒါကြောင့် ကုန်ချောအဖြစ် စားသောက် ကုန်စည်တွေ ထုတ်လုပ်နိုင်ဖို့ လိုအပ်တယ်ဟု ဦးကျော်သူက ဆက်လက်ပြောသည်။ လက်ရှိစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်စာရင်းများအရ ဂျုံ တင်ပို့ရောင်းချနေရမှုများမှာ ထောင်ဂဏန်းလောက်သာရှိပြီး၊ စာရင်းတွင် ပါဝင်မှုမရှိသေးသည့် တင်ပို့မှုများပါ ထည့်တွက် ပါက တန်ချိန် သုံးလေးသောင်းခန့်ရှိနိုင်ပြီး၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်းကဆိုသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2393004717451677?__tn__=K-R

**amiamyanmar**

## တရုတ်သို့ ဆန်တင်ပို့ခွင့် လျှောက်ထားရာတွင် သတ်မှတ်ချက်များနှင့် ညီညွတ်သည့် ဆန်စက်ရေ နည်းပါး

တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် တစ်သိန်း တင်ပို့ရန် လျှောက်ထားလာသည့် ဆန်စက် ၁၀၃ စက် ကို စစ်ဆေးရာတွင် သတ်မှတ်ချက်များနှင့်ညီညွတ်သည့် ဆန်စက်အရေအတွက်မှာ နည်းပါးနေသေးကြောင်းသိရသည်။ ထိုသို့စစ်ဆေးရာတွင် အရည်အချင်းမပြည့်မီသော ဆန်စက်ပေါင်း ၂၄ စက် ရှိသည်ကိုတွေ့ရခဲ့ရပြီး၊ ကျန် ဆန်စက် ၇၉ စက် မှာ ကျန်းမာသန့်ရှင်းရေးအပိုင်းတွင် အားနည်းချက်များရှိနေသော်လည်း အရေးကြီးသော အန္တရာယ်ရှိသောအချက်များတွင်

ကိုက်ညီခဲ့ကြောင်း၊ သို့ရာတွင် အဆိုပါ ၇၉ စက်အနက် ၁၀ စက်မှာ မီးထောင်ချောက်များ လုံလောက်မှုမရှိခြင်း၊ သိုလှောင်ရုံ အဆင်သင့်မဖြစ်ခြင်းစသောအချက်များတွေ့ရှိရခြင်းကြောင့် အချိန်မီပြင်ဆင်ပေးဆင်ပေးရန် ဂန်ခံကတိဖြင့် ရွေးချယ်ထားကြောင်းသိရသည်။

ဆန်စပါး အသင်းချုပ်ကနေ မြန်မာ့ကုန်ပစ္စည်းစမ်းသပ်မှုလီမိတက်ကို တတိယကြားခံအနေနဲ့ စစ်ဆေးခိုင်းတာပါ။ သူတို့ သတ်မှတ်ချက်အတိုင်းပဲ အားလုံးပြည့်မီတဲ့ ဆန်စက်ရေမရှိနိုင်ဘူး။ ထူးခြားတာက သူတို့ သတ်မှတ်ထားတဲ့ ဆန်စက်နဲ့ ဆန်ထားမယ့် ဂိုထောင်အတူတူ မထားရတဲ့အချက်ပဲ။ ဒီမှာက ဆန်စက်နဲ့စပါးကုန်ကြမ်း၊ ကုန်ချောထားတာက အတူတူ တွဲထားတာ။ ဆန်စက်က သီးသန့်ဂိုထောင်သီးသန့်ထားရမယ့် သတ်မှတ်ချက်ကြောင့် သတ်မှတ်ချက်အားလုံးအတိုင်း ညီညွတ်တဲ့စက်ရုံမရှိနိုင်ဘူးဟု မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူ ဦးသောင်းဝင်းကပြောသည်။ အဆိုပါသတ်မှတ်ချက်များအရ ဆန်စက်များ၏ ထုတ်လုပ်မှုကျင့်စဉ်များ၊ သန့်ရှင်းရေးကောင်းများ၊ ဆန်စက်များ၏ အရည်အသွေးအဆင့်အတန်းများစသည်ဖြင့် အချက်များစွာချမှတ်ထားကြောင်းသိရသည်။ ဆန်စက်ကြိတ် အဆင့်အတန်းနှင့်ပတ်သက်၍ သာမန်အဆင့် ကြိတ်ခွဲမှု၊ သင့်တင့်ကောင်းမွန်သော ကြိတ်ခွဲမှု၊ အဆင့်မီကြိတ်ခွဲမှု၊ အဆင့်လွန်ကြိတ်ခွဲမှု ဟူ၍သတ်မတ်ထားပြီး စစ်ဆေးချက်အရ အဆင့်မီမကြိတ်ခွဲနိုင်သာ ဆန်စက်လေးစက်ခန့်တွေ့ရှိရပြီး၊ အဆိုပါ ဆန်စက်များ၏ အင့်အတန်းကို စံချိန်စံညွှန်းတစ်ရပ်ရေးဆွဲကာ အခိုင်အမာပြဌာန်းထားနိုင်ရန် လိုအပ်ကြောင်းသိရသည်။ ဆန်စက်အများစုမှာ ငါးပုံဟာလာစက်ထက် အနည်းငယ်မျှသာ အဆင့်မြင့်သောဆန်စက်များသာဖြစ်ပြီး၊ ယခု နောက်ပိုင်း ဆန်စက်များတွင် ပြည်ပတင်ပို့ရန်၊ အဆင့်မြင့်ဆန်များကြိတ်ဖွပ်နိုင်ရန် Wet polisher ဆန်ဖြူ အရောင်တင်စက်၊ ကာလာဆော့တာ (Color Sorter) နှင့် အခြားကိရိယာများ တပ်ဆင်လာကြသော်လည်း အရေအတွက်အားဖြင့် နည်းပါးနေသေးကြောင်းသိရသည်။

မြန်မာနိုင်ငံတင် ဆန်စက်များမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူး၊ ရန်ကုန်ဒေသများတွင်သာ အများအပြားရှိနေပြီး အများစုမှာ ဘွိုင်လာဆန်စက်ကြီးများဖြစ်သည်။ လက်ရှိမြန်မာတစ်နိုင်ငံလုံးတွင် တစ်ရက်လျှင် ဆန် ၁၅ တန်အောက်သာ ကြိတ်ခွဲနိုင်သော ဆန်စက်ငယ်များမှာ ၁၅၄၇၂ စက်ခန့်ရှိပြီး၊ ၁၅ တန်အထက်ထွက်အောင် ကြိတ်ခွဲနိုင်သော ဆန်စက်များမှာ ၁၃၆၂ စက်ခန့်ရှိကြောင်း မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2392801204138695?__tn__=K-R

## ယခုဘဏ္ဍာနှစ် ၁၁ လအတွင်း ဆန်နှင့်ဆန်ကွဲပို့ကုန်မှ အမေရိကန်ဒေါ်လာ ၅၉၇ သန်းကျော် ရရှိထားပြီ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၁၁ လအတွင်း ပြည်ပသို့ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုမှပို့ကုန် ဝင်ငွေအမေရိကန်ဒေါ်လာ ၅၉၇ သန်းကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယားများအရ သိရသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဩဂုတ်၂ ရက်အထိ ဆန်တင်ပို့မှုမှာ နိုင်ငံပေါင်း ၆၁ နိုင်ငံသို့ မက်ထရစ်တန်ပေါင်း ၁၅၇၈၁၄၄ ဒသမ ၁၃၂ တန် တင်ပို့ခဲ့ခြင်းဖြစ်ပြီး ပို့ကုန်ဝင်ငွေကန်ဒေါ်လာ ၄၉၀ ဒသမ ၄၉၂ သန်းရရှိခဲ့သည်။

ဆန်ကွဲတင်ပို့မှုမှာ နိုင်ငံပေါင်း ၃၆ နိုင်ငံသို့ မက်ထရစ်တန်ပေါင်း ၄၀၀၆၈၉ ဒသမ ၆၁၀ တင်ပို့ခဲ့ရာမှ ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၁၀၇ ဒသမ ၁၄၇ သန်း ရရှိခဲ့သည်။ အဆိုပါ ဆန်နှင့် ဆန်ကွဲတင်ပို့မှုကို နယ် စပ်ပို့ကုန်သွယ်ရေးလမ်းကြောင်းတင်ပို့မှုမှ မက်ထရစ်တန်ပေါင်း ၅၉၁၅၂၀ ဒသမ ၉၆၀ တင်ပို့ခဲ့ရာမှ ကန်ဒေါ်လာ ၁၇၇ဒသမ ၂၉၇ သန်းခန့်တင်ပို့ခဲ့ခြင်းဖြစ်ပြီး ၂၉ ဒသမ ၈၉ ရာခိုင်နှုန်းရှိခဲ့သည်။ ပင်လယ်ရေကြောင်းတင်ပို့မှုမှ မက်ထရစ်တန်ပေါင်း ၁၃၈၇၃၁၂ ဒသမ ၇၈၂ တင်ပို့ခဲ့ရာမှ ကန်ဒေါ်လာ ၄၂၀ ဒသမ ၃၄၂ သန်းခန့် တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ရာ ၇၀ ဒသမ ၁၁ ရာခိုင်နှုန်းရှိခဲ့သည်။ ထို့ကြောင့် နိုင်ငံပေါင်း ၉၇ နိုင်ငံသို့ စုစုပေါင်း မက်ထရစ်တန်ပေါင်း ၂၃၈၁၀၅၅ ဒသမ ၉၈၂ တန်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၅၉၇ ဒသမ ၆၃၉ သန်းအထိရရှိခဲ့ခြင်းဖြစ်သည်။ တရုတ်၊ ဖိလစ်ပိုင်၊ ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ ကင်မရွန်း၊ ယူနိုက်တက်ကင်းဒမ်း၊ အိုင်ဗရီ ကို့စ်၊ မဒါဂါစကာနိုင်ငံတို့ကို အများဆုံးတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/127225.html

**myanmar.mmtimes.com**

# STOCK EXCHANGE (20.8.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 20th Aug. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 598 | 7,176,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 20,340 | 83,394,000 | 38,929,150 | 159,610 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 517 | 4,342,800 | 10,400,986 | 87,368 |
| FPB | 00004 | 26,000 | -500 | -1.89% | 26,500 | 26,500 | 26,000 | 482 | 12,532,500 | 2,472,053 | 64,273 |
| TMH | 00005 | 3,050 | -100 | -3.17% | 3,000 | 3,050 | 3,000 | 921 | 2,794,050 | 12,823,224 | 39,111 |

As of 20th Aug. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 493.47 | -1.08 | -0.22% | 493.14 | 493.47 | 493.14 | 22,858 | 110,239,350 | 5 | 675,715 |

### Index chart




## Market Overview

As of 11:00 am, 20th Aug. 2019

| MYANPIX | 493.47 ▼ 1.08 |
|---|---|
| Total Volume (shares) | 13,992 |
| Total Value (MMK) | 74 mil |
| Listed Company | 5 |
| Market Cap. (MMK) | 675,715 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,100 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 26,000 | ▼ 500 |
| TMH | 00005 | 3,050 | ▼ 100 |

TIR